Legal Aid Network
ဥပဒေ အထောက်အကူပြုကွန်ရက်
Email:- legalaidnetwork@gmail.com website:- legalaidnetwork.org

## ဦးကိုနီမှုခင်း ထုတ်ပြန်ချက် (၂)

## မည်သည့်အကြောင်းအချက်များသည် ဦးကိုနီလုပ်ကြံခံရမှုကို ပေါ်ပေါက်စေသနည်း။

လူ့အခွင့်အရေးအား ဥပဒေစိုးမိုးရေးဖြင့် ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်းတွင် ပြဌာန်းပါရှိသည်။ မြန်မာနိုင်ငံတွင် ရှေ့နေကြီးဦးကိုနီ၏ အသက်ရှင်သန်ခွင့် ရုတ်သိမ်းခံလိုက်ရခြင်းမှာ ဥပဒေစိုးမိုးရေး ကင်းမဲ့သောကြောင့်ဖြစ်သည်။ ဥပဒေစိုးမိုးရေးဟူရာတွင် တိုင်းပြည်၏ အချုပ်အခြာဥပဒေဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်းကဏ္ဍမှာ အသက်သွေးကြောသဖွယ် အရေးကြီး လှသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မည်သည့်အခါတွင်မျှ ပြင်၍မရနိုင်လောက်သော ချို့ယွင်းချက်များ အား ဦးကိုနီက ရဲဝံ့စွာသုံးသပ်ထောက်ပြမှုများသည် တိုင်းပြည်အာဏာကို လက်ဝယ်ထားရှိကျင့်သုံးလျက် ရှိနေသေးသော မြန်မာစစ်ခေါင်းဆောင် ဟောင်းသစ်များအား ကြီးမားသော စိုးရိမ်ပူပန်မှုကိုဖြစ်စေသည်။ ၎င်းတို့၏ နိုင်ငံရေးအာဏာ ဆုံးရှုံးသွားနိုင်ခြေ ရှိသောကြောင့်ပင်။

ဦးကိုနီသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဥပဒေဦးနှောက်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်ဦး ဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်သို့ ခေါင်းလျှိုးဝင် သွား ခဲ့သော်လည်း ဦးကိုနီအနေဖြင့် စစ်အာဏာရှင်စနစ်ကို အသက်သွင်းထားသော အဆိုပါအခြေခံဥပဒေ၏ ချို့ယွင်းချက်များအား ကောင်းမွန်စွာသိရှိခဲ့သည်။ ယင်းနှင့်စပ်လျဥ်း၍ အကြိမ်များစွာပင် လူထုအားထုတ်ဖော် ရှင်းပြခဲ့သည်။ ထို့ပြင် ၂၀၁၅ ခုနစ် နိုဝင်ဘာရွေးကောက်ပွဲမတိုင်ခင် VOA နှင့် အင်တာဗျူး၌ အောက်ပါအတိုင်း မီးမောင်းထိုးသုံးသပ်သွားခဲ့သည်။

> " ဒီဥပဒေက စရေးကတည်းကကို စစ်သားတွေ ရေးထားတာ။ တိုင်းပြည်ကို စစ်တပ်က ရာသက်ပန် ပုံစံ တမျိုးမဟုတ်၊ တမျိုးနဲ့ အုပ်ချုပ်လို့ရအောင် ရည်ရွယ်ပြီး ရေးထားတာ။ ရေးကတည်းက သူတို့ကသိ တယ်။တချိန်ကျရင် ပြင်မယ်ဆိုတာကို သူတို့က သိပြီးသား။ ဒါကြောင့် အစကတည်းက ပြင်လို့မရ အောင် (၇၆) ရာခိုင်နှုန်း သဘောတူမှ ပြင်လို့ရမယ်ဆိုပြီး သူတို့က (၂၅) ရာခိုင်နှုန်းမှာ ရပ်ထားတယ်။ အဖြေက ရှင်းရှင်းလေး။ အခု ရွေးကောက်ပွဲပြီးရင် ပြင်လို့ရမလား။ မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ (၂၅) ကျပ်သားက ပြန်ပါလာတယ်။ ဒီ (၂၅) ရာနှုန်းက ရှိနေအုံးမှာ။ အဲဒီ (၂၅) ရာနှုန်း ရှိနေရင် နောက်တခါ

ပြန်ပြီးတော့ ရွေးကောက်ပွဲပြီးလို့ ပြန်တင်ရင်လဲ ဒီ (၂၅) ရာခိုင်နှုန်း သဘောမတူရင် ဒီ ဖွဲ့စည်းပုံက ပြင် လို့မရဘူး။ ဒါကြောင့် ကျနော်က အစကတည်းက ဒီ ဖွဲ့စည်းပုံက ပြင်လို့မရတဲ့ ဖွဲ့စည်းပုံ။ ကျနော်တို့ လုပ်ရမှာက အသစ်ရေးပြီး အစားထိုးတဲ့ နည်းလမ်းကိုပဲ ရှာရမယ်။"

ဒီမိုကရက်တစ်မြန်မာ့အသံနှင့် ဒီဘိတ်အစီအစဉ်တစ်ခုတွင်လည်း ဦးကိုနီက အဆိုပါအခြေခံဥပဒေမှာ သဏ္ဍာန်ဆောင်ဖက်ဒရယ် (Quasi-federal) အဆင့်သာရှိကြောင်း ထောက်ပြခဲ့သည်။ ယင်းမှာ စစ်မှန်သည့် ဖက်ဒရယ်စနစ်အား ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် မည်သည့်အခါတွင်မျှ တည်ဆောက်၍ မရ နိုင်ဟု ဆိုလိုရာရောက်သည်။ သူလုပ်ကြံမခံရခင်မှာပင် "ရွေးကောက်ပွဲကတိများနှင့်အညီ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဖို့အချိန်ရောက်ပါပြီ၊ ဒီလိုပြင်နိုင်မယ်ဆိုရင် ငြိမ်းချမ်းမှု၊ လွတ်လပ်မှုနှင့် တိုးတက်မှုဆိုင်ရာ ကိစ္စတွေကိုပါ ဖြေရှင်းပြီးရာရောက်သွားပါလိမ့်မယ်၊ အဲ့ဒီအတွက် ၂၀၁၇ ခုနှစ်ရဲ့ နှစ်စကနေပြီး စနစ်တကျပြင်ဆင် လုပ်ဆောင်မှုတွေ ဆောင်ရွက်သင့်ပါတယ်။" ဟူ၍ DVB သို့ ပြောကြားသွားခဲ့သည်။

(၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်စွဲဖြင့်လည်း လွှတ်တော် အမတ်များသို့ အကြံပြုလွှာတင်သွင်းခဲ့သည်။)

ဦးကိုနီသည် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်၍မရနိုင်ဟုတစ်ဖက်တွင် ထောက်ပြခဲ့သည်။ အခြားတစ် ဖက်တွင်မူ အဆိုပါအခြေခံဥပဒေအား ပြင်ဖို့အချိန်ရောက်ပြီဟု တိုက်တွန်းပြန်သည်။ ယင်းနှစ်ခုမှာ ဆန့်ကျင်ကွဲ လွဲနေသည်ဟု ထင်ရဖွယ်ရှိသည်။ သို့ရာတွင် ဆန့်ကျင်ကွဲလွဲမှုမရှိပါ။ မှန်ကန်စွာ ချဉ်းကပ်ထောက်ပြခြင်းဖြစ် သည်။ ၂၀၁၅ ရွေးကောက်ပွဲမတိုင်ခင်က လူထုအားပေးခဲ့သည့် ရွေးကောက်ပွဲကတိကို NLD ကလိုက်နာ ကြောင်း ပြသည့်အနေဖြင့် ဖွဲ့စည်းပုံကိုပြင်ဖို့ကြိုးစားရန် ဦးကိုနီက NLD ကိုသတိပေးခဲ့ခြင်းဖြစ်သည်။ ပို၍အရေး ကြီးသည်မှာ NLD အနေဖြင့် ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်၍မရနိုင်ကြောင်း လူထုသိအောင် လုပ်ဆောင်ပြလိုက်ရန်[1] အားပေးတိုက်တွန်းခဲ့ခြင်းဖြစ်သည်။ ထိုမှနေ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ သစ်တစ်ခု ပေါ်ပေါက်လာရေးအတွက် ဆက်လက်ဖော်ဆောင်သွားရန်ဖြစ်သည်။

ဦးကိုနီ၏အထက်ဖော်ပြပါ သုံးသပ်ချက်နှင့် ဆန့်ကျင်လျက် စစ်ဗိုလ်ချုပ်ဟောင်းများနှင့် ဖွဲ့စည်းထားသည့် အဓိကနိုင်ငံရေးပါတီတစ်ခုဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် စတင်တောင်းဆို လာခဲ့သည်။ ယင်းမှာ အရေးမပါသည့် ပြဋ္ဌာန်းချက်အချို့အား ပြင် ပြ လိုက်ပြီး **"ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင် ၍ရနိုင်ကြောင်း"** ဖြင့် ပြည်သူလူထုတစ်ရပ်လုံးအား အယုံသွင်းရန် ကြိုးပမ်းမှု မျှသာ ဖြစ်ဖွယ်ရှိသည်။ သို့ရာတွင် ဦးကိုနီ မှန်ကန်ပါသည်။ စစ်အာဏာရှင်စနစ်ကို တောင့်တင်းကြံ့ခိုင်စေပြီး စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင် စုပေါ်ထွန်းလာရေးကို ကာကွယ်တားဆီးထားသည့် ဖွဲ့စည်းပုံဆိုင်ရာ အောက်ပါကျောရိုးပြဋ္ဌာန်းချက်များအား မည်သည့်အခါတွင်မျှ ပြင်၍ရနိုင်ဖွယ်မရှိပါ။

(၁) စစ်ဗိုလ်ချုပ်များက အမြဲတမ်း လူများစုနေရာရယူထားလျက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများအား တနည်းတဖုံကျင့်သုံးလျက်ရှိသော အခွင့်အာဏာအရှိဆုံး

[1] ယင်းအချက်ကို NLD ၏ဦးဆောင်ရှေ့နေကြီးတစ်ဦးလည်းဖြစ်သော ဦးအောင်သိန်းကလည်း အောက်ပါအတိုင်း ပြောကြား၍ ဝန်ခံခဲ့သည်။ "ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်သည်ဖြစ်စေ၊ အသစ်ရေးဆွဲသည်ဖြစ်စေ၊ ပြည်ထောင်စု လွှတ် တော်ကတဆင့် ဖော်ဆောင်လို့တော့မရနိုင်ဘူး။"

တိုင်းပြည်အဆောက်အအုံဖြစ်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဖွဲ့စည်းတည်ရှိလည်ပတ်မှုကို ပြဋ္ဌာန်းထားသောပုဒ်မနှင့် ၎င်းအဖွဲ့အစည်းအား တနည်းမဟုတ် အခြားတနည်းဖြင့် အခွင့်အာဏာအပ်နှင်း ထားသည့် သက်ဆိုင်ရာပုဒ်မများ။

(၂) ပြည်ထောင်စုဖွဲ့စည်းရာတွင် ပါဝင်သောယူနစ်များဖြစ်သည့် ပြည်နယ်များနှင့် ဖက်ဒရယ် ပြည်ထောင်စုအဆင့် တိုင်းပြည်အဆောက်အအုံများကြားတွင် အချုပ်အခြာအာဏာ ခွဲဝေ ကျင့်သုံးမှုကို ငြင်းပယ်လျက် တင်းကြပ်သည့် ဗဟိုချုပ်ကိုင်မှုကို ချမှတ်၊ ကျင့်သုံးထားသော ဖွဲ့စည်းပုံအခန်း (၁)။

(၃) စစ်မှန်သည့်ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာရေးအတွက် ပြည်ထောင်စုအား အမျိုးသား ပြည်နယ်၊ အမျိုးသားများပြည်နယ်များဖြင့် ဖွဲ့စည်းရန် တိုင်းရင်းသားတော်လှန် ရေးခေါင်း ဆောင်များနှင့် အဖွဲ့အစည်းများက ဆယ်စုနှစ်များစွာ တောင်းဆိုခဲ့မှုကို ငြင်းပယ်ထားသည့် ဖွဲ့စည်းပုံအခန်း (၂)။

(၄) ကာကွယ်ရေးဦးစီးချုပ်က ရွေးချယ်စေလွှတ်သည့် စစ်ခေါင်းဆောင်အနေဖြင့် နိုင်ငံတော်သမ္မတ (သို့မဟုတ်) အနည်းဆုံး ဒုတိယသမ္မတနေရာအား အစဉ်အမြဲရရှိနိုင်စေရေးအတွက် ဖန်တီးထားသည့်သမ္မတရွေး ချယ်တင်မြောက်ပုံစနစ်ကို ပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခန်း (၃)။

(၅) တပြည်လုံးရှိ ဥပဒေပြုလွှတ်တော်အသီးသီးတွင် လွှတ်တော်အမတ်အရေအတွက် စုစုပေါင်း၏ (၂၅%) ရရှိစေရန် ခွင့်ပြုပြဋ္ဌာန်းထားသော ပုဒ်မများ။

(၆) တိုင်းပြည်၏ အမြင့်ဆုံးတရားရုံးများဖြစ်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးတို့နှင့် တန်းတူရင်ဘောင်တန်း ရပ်တည်လျက် ကာကွယ်ရေး ဦးစီးချုပ်အား အယူခံစီရင်ပိုင်ခွင့်အာဏာ အပ်နှင်းထားသော စစ်ဘက်ဆိုင်ရာတရားရုံး တည်ရှိမှုအတွက် ပြဋ္ဌာန်းထားသောပုဒ်မနှင့် လွတ်လပ်၊ ဘက်မလိုက်၊ ထက်မြက်သော တရားစီရင်ရေး ပေါ်ပေါက်မလာစေရန် ကာကွယ်ဟန့်တားထားသောသက်ဆိုင်ရာပုဒ်မများ။

(၇) နဝတနှင့် နအဖ စစ်ကောင်စီအဖွဲ့ဝင် မြန်မာစစ်ဖက်ဆိုင်ရာခေါင်းဆောင်များ ကျူးလွန်ခဲ့သည့် ပြင်းထန်ဆိုးဝါးသော ရာဇဝတ်မှုကြီးများနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ခြင်း မပြုနိုင်စေရန် အကြွင်းမဲ့ လွတ်ငြိမ်းချမ်းသာခွင့် ပြဋ္ဌာန်းပေးထားသော ပုဒ်မနှင့်

(၈) ဖွဲ့စည်းပုံပြင်ဆင်ရေးဆိုင်ရာပုဒ်မ။

ကမ္ဘာပေါ်တွင် အာဏာရှင်အုပ်ချုပ်မှုမှ ဒီမိုကရေစီသို့ ငြိမ်းချမ်းသောနိုင်ငံရေးနည်းလမ်းဖြင့် ပြောင်းလဲ သွားကြသော တိုင်းပြည်များ၌ လူ့အခွင့်အရေးနှင့် ဥပဒေစိုးမိုးရေးကို ကျောထောက်နောက်ခံပြုလျက် ဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ မဟာဗျူဟာများ ချမှတ်ကျင့်သုံးခဲ့သည်။ ယင်းတို့အား မည်ကဲ့သို့ ချမှတ်ကျင့် သုံးမည် ဟူသည်မှာ လွန်စွာအရေးပါလှသည်။ မြန်မာနိုင်ငံတွင် ယင်းမဟာဗျူဟာ၌ ဖက်ဒရယ်စနစ်အား ထည့် သွင်းပေါင်းစပ်ဖော်ဆောင်ရန် လိုအပ်ပါသည်။ ယင်းနှင့် စပ်လျဉ်း၍ ယခုအချိန်၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

တွင် ဥပဒေဆိုင်ရာမဟာဗျူဟာ ချွတ်ခြုံကျ လျက်ရှိပြီဟု ဆိုနိုင်သည်။ ဦးကိုနီ၏ ဥပဒေပိုင်း ဆိုင်ရာ အကြံပြု ချက်များအား နစ်တချို့ကြာ လျစ်လျူရှုခဲ့သည့်အပြင် ၎င်းကိုယ်တိုင်လည်း ကွယ်လွန်သွားခဲ့ပြီ ဖြစ်၍ပင်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တရပ် ရေးဆွဲရန် ဦးကိုနီ၏ သတ္တိရှိစွာ အကြံပြုချက်ကို လိုက်နာ ဖော်ဆောင်မည်ဆိုပါက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် အပေါ်ယံအားဖြင့်သာ ရယူထားသော အစိုးရ နေရာမှသာမက ဥပဒေပြုလွှတ်တော်အသီးသီးမှ ထွက်ခွာရပါမည်။ ထို့နောက် ကုလသမဂ္ဂက နစ်ပေါင်းများစွာ လမ်းကြောင်းချပေးခဲ့သည့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ (Tripartite Dialogue) ကို တောင်းဆိုရန်လိုပါမည်။ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများနှင့် တိုင်းရင်းသားနိုင်ငံရေး အင်အားစုများကတပွင့်၊ ဒေါ်အောင် ဆန်းစုကြည်ခေါင်းဆောင်သည့် ဒီမိုကရေစီရေးအင်အားစုများကတပွင့်နှင့် မြန်မာစစ်ခေါင်းဆောင်များက တပွင့် တို့ဖြစ်သည်။ ယင်းသို့ဖြင့်သာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဘောင်အပြင်ကို ထွက်ရာရောက်ပါမည်။ သို့ဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေဘောင်အတွင်းတွင်သာ အဆုံးသတ်စေမည့် ၂၁ ရာစု ပင်လုံဟူသောခေါင်းစဉ် ဖြင့် ကျင်းပလျက်ရှိသော အတုအယောင်ငြိမ်းချမ်းရေးညီလာခံ အလိုအလျောက်ရပ်ဆိုင်း သွားပါမည်။ သုံးပွင့် ဆိုင်ဆွေးနွေးပွဲကို ဖြတ်သန်းလျက် ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်တရပ် ပေါ်ပေါက်လာမှသာလျှင် ငြိမ်းချမ်းမှု၊ လွတ်လပ်မှုနှင့် တိုးတက်ဖွံ့ဖြိုးမှုတို့အတွက် ဦးကိုနီ၏ အိပ်မက်သည် မှန်ကန်လာနိုင်ဖွယ်ရှိသည်။

သို့ရာတွင် ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြတ်သားစွာဆန့် ကျင်ရပ်တည်ခဲ့သည့် နိုင်ငံရေး ဉာဏ်ကြီးရှင် ကွယ်လွန်သူ ဦးဝင်းတင်၏ အကြံပြုချက်အား ပယ်ချခဲ့သကဲ့သို့ပင် ဒေါ်အောင်ဆန်းစုကြည်သည် ယခုလည်း ဥပဒေ ဉာဏ်ကြီးရှင် ဦးကိုနီ၏ အကြံပြုချက်ကို ငြင်းပယ်ခဲ့ပြန်သည်။ သို့ဖြင့် ဦးကိုနီတဦးတည်း သည် အာဏာရစစ်အုပ်စု၏ အဓိကပစ်မှတ်ဖြစ်လာခဲ့သည်။ ဦးကိုနီ၏ ဇီဝိန်ကိုနုတ်ပစ်နိုင်ပါက မည်သူမှုရှင်း၏ လမ်းကြောင်းကို လျှောက်လှမ်းရဲတော့မည်မဟုတ်၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စစ်အာဏာရှင်စနစ် သည် ကြံ့ခိုင်တောင့်တင်းသွားလိမ့်မည်ဟု စစ်ခေါင်းဆောင် များက တွက်ဆကြ ဖွယ်ဖြစ်သည်။

NLD အနေဖြင့် ၎င်း၏ဥပဒေ ဉာဏ်ကြီးရှင်ဖြစ်သူအား ဆုံးရှုံးသွားခဲ့ပြီဖြစ်သော်လည်း အကယ်၍ ရှင်း ရှင်းလင်းလင်းနှင့် တာဝန်ခံမှု မူဝါဒကို ကျင့်သုံးဖော်ဆောင်မည်ဆိုပါက တိုင်းပြည်ကို ကယ်တင်နိုင်ရန် ၎င်း၏ လမ်းစဉ်များအား ပြုပြင်နိုင်ရေးအတွက် အခွင့်အလမ်းရှိနေပါသေးသည်။ ယင်းသို့ဖြစ်စေရန်အတွက် ဒေါ်အောင် ဆန်းစုကြည်သည် ယခုပေါ်ပေါက်လျက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကြပ်အတည်းအား မည်သို့ မည်ပုံ ကျော်လွှားသွားမည်ဟူသည်နှင့် စပ်လျဉ်း၍ အသေးစိတ်လုပ်ငန်းစဉ်များအား တိုင်းရင်းသားပေါင်းစုံ ပြည်သူလူထုကြီးတရပ်လုံးကိုသာမက နိုင်ငံတကာကိုပါ အများသိချပြရှင်းလင်းသင့်ပါသည်။ နားထောင်၍ ကောင်းသော်လည်း မည်သည်ကိုမျှ ထိထိရောက်ရောက် ဦးတည်ဆုပ်ကိုင် အောင်မြင်နိုင်ဖွယ်မရှိသည့် စကား လုံးအလှလေးများသုံး၍ အပေါ်ယံမျှဖြင့်လူထုအား ချွေးသိပ်ခြင်းမျိုးကို မပြုသင့်တော့ပါ။

ယင်းသို့မဟုတ်ပါကပြည်ထောင်စုကြီးတရပ်လုံးအား စစ်အာဏာရှင်စနစ် ငရဲခန်းအတွင်းသို့ ဒရွတ် တိုက်ဆွဲသွင်းလျက်ရှိသော စစ်ခေါင်းဆောင်များနှင့်အတူ ဒေါ်အောင်ဆန်းစုကြည်သည်လည်း သမိုင်းတွင်ပြစ် တင်ခံရဘွယ်ရှိသည်။

**Legal Aid Network (LAN)**
**ဥပဒေအထောက်အကူပြုကွန်ရက်** ‍ ‍ ‍ ‍ နေ့စွဲ၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ (၂) ရက်


အသေးစိပ်သိလိုလျှင် ဆက်သွယ်ရန်
ဦးအောင်ထူး (လူ့အခွင့်အရေးရှေ့နေ)
ဥပဒေအထောက်အကူပြုကွန်ရက်တည်ထောင်သူ
ဖုံး (၈၆) ၁၅၃၀ ၈၈၂၇၉၄၈
(၈၆) ၁၃၃ ၉၈၈၂ ၈၆၀၅

E.mail: legalaidnetwork@gmail.com
Website:legalaidnetwork.org